**အဂတိကင်းစင်ရေးနှင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများအတွက်**

**အများပြည်သူသို့ အသိပေးကြေညာချက်**

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)သည် အဂတိလိုက်စားမှု တားမြစ်ထိန်းချုပ်ရေးအတွက် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် “Public Feedback Programme (PFP)” ကို ဆောင်ရွက်လျက်ရှိပြီး၊ ဌာနဝန်ဆောင်မှုအပေါ် တယ်လီဖုန်း (SMS) မှ တစ်ဆင့် ဆက်သွယ်မေးမြန်းခြင်း၊ ပြည်သူများထံမှ တုံ့ပြန်လာသည့် လိုအပ်ချက်များနှင့် အကြံပြုချက်များကို ပြန်လည် ဖြေရှင်းပေးခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ယင်းသို့ SMS ပေးပို့၍ မေးမြန်းရာတွင် Short Code “1111” ကို အသုံးပြုသွားမည်ဖြစ်ပြီး၊ လက်ကိုင်ဖုန်းများသို့ “1111” နံပါတ်ဖြင့် SMS ဝင်ရောက်လာမည် ဖြစ်ပါသည်။ အဆိုပါ SMS ကို ပြန်လည် ဖြေဆိုပေးခြင်းဖြင့် DICA(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများ၏ ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့်အပြင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကိုလည်း ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဂတိကင်းစင်ရေးနှင့် ပိုမို ကောင်းမွန်သော ဝန်ဆောင်မှုများအတွက် SMS လက်ခံရရှိချိန်တွင် မှန်ကန်စွာ ပြန်လည်ဖြေဆိုပေးခြင်းဖြင့် ပူးပေါင်း ပါဝင်ပေးကြပါရန် အသိပေး ကြေညာအပ်ပါသည်။

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**